ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No. 6 Dong Zhi Men Wai Street, Chao Yang District,
Beijing 100600, People's Republic of China
Tel : 0086-10-65324554,0086-10-65320351-Ext-19
Fax : 0086-10-65320408

## တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေကြသည့် ပြည်ပပညာသင် အစိုးရဝန်ထမ်းများအနေဖြင့် သုံးလပတ်အစီရင်ခံစာများ ပေးပို့ခြင်းနှင့်ပတ်သက်၍ အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာသံရုံး၊ ပေကျင်းမြို့သည် တရုတ်နိုင်ငံတွင် လတ်တလောဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ပြည်တွင်း ပို့ဆောင်ဆက်သွယ်ရေးအခြေအနေများနှင့် အခက်အခဲများကို ငဲ့ညှာပြီး တရုတ်နိုင်ငံရောက် မြန်မာနိုင်ငံ အစိုးရဝန်ထမ်း နိုင်ငံခြားပညာသင်များ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအထိ သုံးလပတ်အစီရင်ခံစာများကို Soft Copy ဖြင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ပထမပတ်မှ ဒုတိယပတ်အတွင်း သံရုံး၏ ပညာရေးအီးမေးလ်သို့ ပေးပို့နိုင်ကြောင်း တရုတ်နိုင်ငံ၊ သက်ဆိုင်ရာတက္ကသိုလ်အသီးသီးရှိ ကျောင်းသားခေါင်းဆောင်များမှတစ်ဆင့် အကြောင်းကြားခဲ့ပြီး လက်ခံဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ လက်ရှိတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြားနှင့် တရုတ်နိုင်ငံအတွင်း စာတိုက်၊ စာပို့ဆောင်ရေးလုပ်ငန်းများနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများမှာ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နေပြီဖြစ်သောကြောင့်လည်းကောင်း၊ မြန်မာသံရုံး၊ ပေကျင်းမြို့ရှိ ဝန်ထမ်းအင်အားအခြေအနေများအရလည်းကောင်း၊ စက်ပစ္စည်း အသုံးပြုလည်ပတ်မှု အခြေအနေများအရ လည်းကောင်း၊ တရုတ်နိုင်ငံရောက် မြန်မာနိုင်ငံ အစိုးရဝန်ထမ်း နိုင်ငံခြားပညာသင်များ၏ ၂၀၂၀ပြည့်နှစ်၊ မတ်လမှ မေလအထိ သုံးလပတ်အစီရင်ခံစာများကို မူလအတိုင်း Hard Copy များဖြင့်သာ မိတ္တူ(၆)စုံကို ပေးပို့ပေးကြပါရန်နှင့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ပထမပတ်အတွင်း သံရုံးသို့ အချိန်မီ ပေးပို့ပေးကြပါရန် အကြောင်းကြားအပ်ပါသည်။

ရက်စွဲ၊၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING